# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

September 5, 2024 Volume 82, Number 4


| ၅.၉.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = N/A |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၃၀.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၃.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၆၅.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၃.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၈၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၀၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၂၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၄.၃၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၄၂၆ ကျပ် |



**CONTACT US**

ကုန္သြယ္မႈသတင္းအခ်က္အလက္ႏွင့္ သုေတသနဌာနခြဲ

ဖုန္း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ္စ ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာ့သိုးနှင့်ဆိတ်အရှင်တင်ပို့ခွင့် မလေးရှားသဘောတူ ပထမအသုတ် ဆိတ်အရှင် ၁၅၀၀ ပို့မည်



မြန်မာနိုင်ငံကနေ သိုးနဲ့ဆိတ်အရှင်တွေ တင်ပို့ခွင့်ကို မလေးရှားအစိုးရက ခွင့်ပြုပေးခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရပါတယ်။ တင်ပို့ရေး လုပ်ငန်းစဉ်အတွက် လိုက်နာဆောင်ရွက်ရမဲ့ ကျန်းမာရေးလိုအပ်ချက်အစီအမံတွေနဲ့ မြန်မာအစိုးရက ထုတ်ပေးတဲ့ တိရစ္ဆာန်ကျန်းမာကြောင်း လက်မှတ်မူကြမ်းကို မလေးရှားအစိုးရထံပေးပို့ပြီး အတည်ပြုချက်ရယူခြင်းတွေကို ဇွန်နဲ့ဇူလိုင်လတွေမှာ ဆောင်ရွက်ခဲ့ရာ နှစ်နိုင်ငံသဘောတူညီမှု ရရှိခဲ့ပါတယ်။

တင်ပို့မဲ့သူတွေအနေနဲ့ သက်ဆိုင်ရာနိုင်ငံရဲ့ အစိုးရဌာနအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး အချက်အလက်ပြည့်စုံသည့် ကုန်အမှာလက်ခံရရှိရေး ဆောင်ရွက်ဖို့လိုအပ်တယ်လို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောပါတယ်။

ဆိတ်အရှင် တင်သွင်းသူမှ လျှောက်ထားလာတဲ့ နေရာအပေါ်မူတည်ပြီး တိရစ္ဆာန်စုဆောင်းရပ်ကို စိစစ်သတ်မှတ်သွားမှာဖြစ်ပြီး ကျန်းမာရေးလိုအပ်ချက် အစီအမံတွေနဲ့အညီ ရောဂါ ၈ မျိုး စစ်ဆေးခြင်း၊ ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနဲ့ တိရစ္ဆာန်အမှတ်အသား တပ်ဆင်ခြင်း လုပ်ငန်းတွေ ဆောင်ရွက်ရမှာပါ။

သီလဝါ AQS စခန်းမှာ စောင့်ကြည့်ကာလ ၂၁ ရက် ထားရှိရမှာဖြစ်ပြီး ခွာနာလျှာနာရောဂါကာကွယ်ဆေး Trivalent နှစ်ကြိမ် ထိုးနှံခြင်း၊ သားလျှောရောဂါကာကွယ်ဆေး RB

51 ထိုးနှံပေးခြင်း၊ သံချခြင်းနဲ့ ပြင်ပကပ်ပါးပိုးမွှားများနှိမ်နင်းခြင်း၊ Beta agonist စစ်ဆေးခြင်းလုပ်ငန်းတွေ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

သတ်မှတ်အရည်အချင်းနဲ့ကိုက်ညီပြီး တိရစ္ဆာန်ကျန်းမာကြောင်း လက်မှတ်ရရှိပြီးပါက မလေးရှားနိုင်ငံက သတ်မှတ်ခွင့်ပြုထားတဲ့ လမ်းကြောင်းကတစ်ဆင့် တင်ပို့နိုင်မယ်လို့ ညွှန်ကြားရေးမှူးချုပ်က ပြောပါတယ်။

လက်ရှိမှာ နိုင်ငံသားကုမ္ပဏီတစ်ခုက ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်က ယာယီစုဆောင်းရပ်မှာထားရှိတဲ့ ဆိတ်အရှင်ကောင်ရေ ၁၅၀၀ ကို ပထမသုတ်အနေနဲ့ တင်ပို့ဖို့ စီစဉ်နေပါတယ်။

တင်ပို့သူက ယခုနှစ်မှာ ဆိတ်အရှင်ကောင်ရေ ၃၀,၀၀၀ တင်ပို့နိုင်ရေးစီစဉ်နေပြီး ဒီအစီအစဉ်ဟာ ပြည်တွင်းမွေးမြူသူများအတွက် ဈေးကွက်အလားအလာကောင်းတွေဖြစ်ကြောင်း သိရပါတယ်။

Source: BETV Business

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများ ယခင်အပတ်နှင့်ယခုအပတ် နှိုင်းယှဉ်မှုအခြေအနေ

စက်တင်ဘာလ ပထမပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည့် လယ်ယာထွက်ကုန်သီးနှံများဖြစ်သော ပဲနီလုံးကြား၊ မြေထောက်ပဲ၊ ပုဂံပဲ၊ ထောပတ်ပဲ၊ ပြောင်းနီနှင့် CP ပြောင်းဖူးစေ့ဈေးငြိမ်၍ ဂျုံဖြူသန့်၊ ထိုင်ဝမ်၊ ပဲတီစိမ်းကြီး၊ ပဲယင်းဝါ၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲဖြူလုံးသေး၊ ကုလားပဲ 929နှင့် ကုလားပဲထိုင်ဝမ် ဈေးနှုန်းများကျဆင်းနေပြီး ဂျုံထွက်တိုး၊ ပဲကြီး၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲနီလုံးရိုးရိုး၊ ပဲပုပ်စေ့ဈေးနှုန်းများ မြင့်တက်နေကြောင်းသိရသည်။

ယခုအပတ်အတွင်း သီးနှံတစ်တင်းပေါက် ဈေးနှုန်းများမှာ ဂျုံဖြူသန့် ၇၆,၀၀၀ ကျပ်၊ ဂျုံထွက်တိုး ၆၄,၀၀၀ ကျပ်၊ ထိုင်ဝမ် ၉၇,၀၀၀ကျပ်၊ ပဲကြီး ၈၄,၅၀၀ ကျပ်၊ မတ်ပဲ ၁၁၅,၀၀၀ကျပ်၊ ပဲတီစိမ်းကြီး ၈၀,၀၀၀ ကျပ်၊ ပဲတီစိမ်းသေး ၆၅,၀၀၀ ကျပ်၊ ပဲစင်းငုံ ၁၆၆,၅၀၀ ကျပ်၊ ပဲနီလုံးရိုးရိုး ၈၅,၀၀၀ ကျပ်၊ ပဲနီလုံးကြား ၁၀၀,၀၀၀ ကျပ်၊ ပဲယင်းဝါ ၅၈,၅၀၀ ကျပ်၊ ထောပတ်ပဲ ၁၀၀,၀၀၀ ကျပ်၊ ပဲပုပ်စေ့ ၁၂၂,၀၀၀ ကျပ်၊ ပုဂံပဲ ၁၂၂,၀၀၀ ကျပ်၊ မြေထောက်ပဲ ၉၅,၀၀၀ ကျပ်၊ CP ပြောင်းဖူးစေ့ ၂၈,၅၀၀ ကျပ်၊ ပြောင်းနီ ၂၄,၅၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး ၁၀၁,၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးသေး ၁၀၅,၀၀၀ ကျပ်၊ ကုလားပဲ 929 ၉၇,၀၀၀ ကျပ်၊ ကုလားပဲထိုင်ဝမ် ၉၇,၀၀၀ ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။

ယခင်အပတ် ကာလတူအချိန်ပေါက် ဈေးနှုန်းများမှာ ဂျုံဖြူသန့် ၇၇,၀၀၀ ကျပ်၊ ဂျုံထွက်တိုး ၆၃,၀၀၀ ကျပ်၊ ထိုင်ဝမ် ၉၇,၅၀၀ကျပ်၊ ပဲကြီး ၈၃,၀၀၀ ကျပ်၊ မတ်ပဲ ၉၈,၀၀၀- ၁၀၅,၀၀၀ကျပ်၊ ပဲတီစိမ်းကြီး ၈၂,၅၀၀ ကျပ်၊ ပဲစင်းငုံ ၁၆၁,၅၀၀ ကျပ်၊ ပဲနီလုံးရိုးရိုး ၈၀,၀၀၀ ကျပ်၊ ပဲနီလုံးကြား ၁၀၀,၀၀၀ ကျပ်၊ ပဲယင်းဝါ ၅၉,၀၀၀ ကျပ်၊ ထောပတ်ပဲ ၁၀၀,၀၀၀ ကျပ်၊ ပဲပုပ်စေ့ ၁၂၀,၀၀၀ ကျပ်၊ ပုဂံပဲ ၁၂၂,၀၀၀ ကျပ်၊ မြေထောက်ပဲ ၉၅,၀၀၀ ကျပ်၊ CP ပြောင်းဖူးစေ့ ၂၈,၅၀၀ ကျပ်၊ ပြောင်းနီ ၂၄,၅၀၀ ကျပ်၊ ၊ ကုလားပဲဖြူလုံးကြီး ၁၀၂,၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးသေး ၁၁၈,၀၀၀ ကျပ်၊ ကုလားပဲ 929 ၉၇,၅၀၀ ကျပ်၊ ကုလားပဲထိုင်ဝမ် ၉၇,၅၀၀ကျပ် ပေါက်ဈေးရှိ၍ ယခုတစ်ပတ်အတွင်း ကာလတူနှိုင်းယှဉ်ပါက ဂျုံဖြူသန့် တစ်တင်းလျှင် ၁၀၀၀ ကျပ်၊ ထိုင်ဝမ် တစ်တင်းလျှင် ၅၀၀ကျပ်၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် ၂၅၀၀ ကျပ်၊ ပဲယင်းဝါ တစ်တင်းလျှင် ၅၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ၁၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် ၁၃,၀၀၀ ကျပ်၊ ကုလားပဲ 929 တစ်တင်းလျှင် ၅၀၀ ကျပ်၊ ထိုင်ဝမ် တစ်တင်းလျှင် ၅၀၀ ကျပ်နှုန်းကျဆင်းနေပြီး ဂျုံထွက်တိုး တစ်တင်းလျှင် ၁၀၀၀ ကျပ်၊ ပဲကြီး တစ်တင်းလျှင် ၁၅၀၀ ကျပ်၊ မတ်ပဲ တစ်တင်းလျှင် ၁၀,၀၀၀ ကျပ်၊ ပဲစင်းငုံ တစ်တင်းလျှင် ၅၀၀၀ ကျပ်၊ ပဲနီလုံးရိုးရိုး တစ်တင်းလျှင် ၅၀၀၀ ကျပ်၊ ပဲပုပ်စေ့ တစ်တင်းလျှင် ၂၀၀၀ ကျပ်နှုန်း မြင့်တက်နေကြောင်းသိရသည်။

**Source:** https://myantrade.gov.mm/

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်ပတ်နှင့်ယခုပတ်နှိုင်းယှဉ်မှုအခြေအနေ

စက်တင်ဘာလ ပထမပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းနက်၊ နှမ်းဖြူနှင့် မြေပဲလုံးဆန်ဖြူဈေးငြိမ်ပြီး မြေပဲလုံးဆန်နီ၊ မြေပဲဆီဆန်ဖြူနှင့် နှမ်းညိုဈေးနှုန်းများ ကျဆင်းနေကြောင်းသိရသည်။ စက်တင်ဘာလ ပထမပတ်အတွင်း နှမ်းညို တစ်တင်း ၁၀၄,၀၀၀ ကျပ်၊ နှမ်းနက် တစ်တင်း ၁၅၀,၀၀၀- ၁၈၀,၀၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၁၂၀,၀၀၀-၁၄၀,၀၀၀ ကျပ်ဖြစ်ကာ ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းမှာ နှမ်းညို တစ်တင်း ၁၁၀,၀၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၁၃၀,၀၀၀-၁၄၀,၀၀၀ ကျပ်၊ နှမ်းနက် တစ်တင်း ၁၅၀,၀၀၀- ၁၈၀,၀၀၀ ကျပ်ရှိ၍ ယခုပတ်နှင့်ယခင်ပတ်ကာလတူ နှိုင်းယှဉ်ပါက နှမ်းညို တစ်တင်း ၆၀၀၀ ကျပ်ခန့်နှုန်း ကျဆင်းနေကြောင်းသိရသည်။

စက်တင်ဘာလ ပထမပတ်အတွင်း မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၈၇၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၈၈၀၀-၉၀၀၀ ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ ၇၄၅၀ ကျပ်ရှိပြီး ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၉၀၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၉၀၀၀ ကျပ်၊ မြေပဲဆီ ဆန်ဖြူ တစ်ပိဿာ ၈၀၀၀ ကျပ်ရှိပြီး ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ၃၀၀ ကျပ်ခန့်နှင့် မြေပဲဆီဆန်ဖြူ တစ်ပိဿာလျှင် ၅၅၀ ကျပ်ခန့်ကျဆင်းနေကြောင်းသိရသည်။ ယခုပတ်အတွင်း ပဲဆီတစ်ပိဿာ ၁၇,၅၀၀-၁၇,၀၀၀ ကျပ်၊ နှမ်းဆီ တစ်ပိဿာ ၁၆,၀၀၀ ကျပ်ဖြစ်ပြီး ပဲဖတ် တစ်ပိဿာ ၅၅၅၀ ကျပ်၊ နှမ်းဖတ် တစ်ပိဿာ ၃၇၀၀ ကျပ်၊ နေကြာဖတ် တစ်ပိဿာ ၂၉၀၀ ကျပ်ဖြင့် ရောင်းဝယ်နေကြောင်းသိရသည်။

**Source:** https://myantrade.gov.mm/

## အရည်အသွေးမပြည့်ဝသော ကုန်စည်များ ဝင်ရောက်မှုမှ တားဆီးရန် မဟာဗျူဟာချမှတ်ခဲ့သည့် ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဌာန ၂၈ ခုတို့သည် ပြည်ပမှ အရည်အသွေးမပြည့်ဝသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ တရားမဝင် ဝင်ရောက်လာမှုကိုတိုက်ဖျက်ရန် မဟာဗျူဟာတစ်ရပ်ကို ချမှတ်ခဲ့ကြသည်ဟု ထိုင်းနိုင်ငံထုတ် The Nation သတင်းဌာနက ဖော်ပြထားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် စီးပွား/ကူးသန်းဝန်ကြီး Phumtham Wechayachai ဦးဆောင်ခဲ့သည့် အစည်းအဝေးတွင် အရည်အသွေးနိမ့်ထုတ်ကုန်များ တင်သွင်းမှုကို ကန့်သတ်ရန်နှင့် ထိုင်း SMEs နှင့် E-Commerce လုပ်ငန်းများ၏ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရန် နည်းလမ်းများကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဈေးနှုန်းချိုသာသော သွင်းကုန်များကြောင့် ပြည်တွင်းထုတ်လုပ်သူများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန်အတွက် သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် အစည်းအဝေးကျင်းပခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးချုပ်က ကုန်စည်စံချိန်စံညွှန်းများ ထိန်းသိမ်းရန် နိုင်ငံခြားကုမ္ပဏီများအား ကုန်သွယ်မှုမှတ်ပုံတင်စေခြင်းနှင့် လိုင်စင်ဆိုင်ရာစည်းမျဉ်းများ လိုက်နာမှုရှိ/မရှိ စစ်ဆေးခြင်းအပါအဝင် တင်းကြပ်သောစစ်ဆေးမှုများပြုလုပ်ရန် ဆွေးနွေးခဲ့သည်။ ၎င်းက ထိုင်းနိုင်ငံအနေဖြင့် တရုတ်၊ ဂျပန်၊ ကိုရီးယားစသည့် နိုင်ငံများနှင့် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်နိုင်ရေး၊ ထိုင်းပစ္စည်းများအား E-Commerce လမ်းကြောင်းမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်သို့ ထိရောက်စွာ ထိုးဖောက်နိုင်ရေး ကြိုးစားနေကြောင်း ပြောကြားခဲ့သည်။

အကောက်ခွန်စစ်ဆေးရေးဂိတ်များတွင် စစ်ဆေးမှုများတင်းကြပ်စွာဆောင်ရွက်ရန်၊ ကုန်ပစ္စည်းအရည်အသွေး အသိအမှတ်ပြုလက်မှတ်များ၏ တရားဝင်မှုကိုအကဲဖြတ်ရန်နှင့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများမှ ကောက်ခံသော သွင်းကုန်ခွန်များကို

စိစစ်ရန် သဘောတူညီခဲ့ကြသည်။ ထို့ပြင် သွင်းကုန်များ စည်းမျဉ်းများနှင့် ကိုက်ညီရေး ချက်ချင်းဆောင်ရွက်ရမည့် နည်းလမ်း ၅ ခု၊ နည်းလမ်း ခွဲ ၆၃ ခု ပါဝင်သော မဟာဗျူဟာစီမံချက်ကို ဆွေးနွေးပွဲက ထုတ်ဖော်ခဲ့သည်။ အဆိုပါနည်းလမ်း ၅ ခုမှာ -

(၁) ဥပဒေစိုးမိုးရေးကို အားကောင်းစေခြင်း၊

(သွင်းကုန်များကို အကောက်ခွန်ကတင်းကျပ်စွာ စစ်ဆေးခြင်း၊ ကုန်ပစ္စည်းကြေညာလွှာများကို စိစစ်ခြင်းနှင့် အွန်လိုင်းဈေးကွက် စောင့်ကြည့်မှုကြိမ်ရေ တိုးမြှင့်ခြင်း။

(၂) စည်းမျဉ်းများကို အချိန်နှင့်တပြေးညီ ပြောင်းလဲခြင်း၊

(ပြည်ပမှ ပလက်ဖောင်းဖြင့် စီးပွားရေးလုပ်ကိုင်သူများအား ထိုင်းနိုင်ငံတွင် လာရောက်နေထိုင်ရန် ချမှတ်ခြင်းနှင့်စံနှုန်းများ မဖြစ်မနေထားရမည့် ကုန်စည်အမည်များ ချဲ့ထွင်ခြင်းစသည့် ခေတ်မီကုန်သွယ်မှု အလေ့အကျင့်များနှင့် လိုက်လျောညီထွေ ဖြစ်စေရန် စည်းမျဉ်းများကို ပြင်ဆင်ခြင်း။ )

(၃) အခွန်နည်းလမ်းများ အကောင်အထည်ဖော်ခြင်း၊

(ပြည်ပမှ အွန်လိုင်းဖြင့် ရောင်းချသူများအား ထိုင်းနိုင်ငံတွင် VAT အတွက် မှတ်ပုံတင်ရန်နှင့် ပုဂ္ဂလိက ကဏ္ဍအား သက်ဆိုင်ရာ အခွန်စည်းမျဉ်းသင်တန်းများပေးခြင်း။)

(၄) ထိုင်း SME များကို ပံ့ပိုးပေးခြင်း၊

(ကမ္ဘာ့ဈေးကွက်တွင် ၎င်းတို့၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်အတွက် ထိုင်း SMEs များ၏ ကုန်ထုတ်လုပ်မှုစွမ်းရည်နှင့် လုပ်ငန်းလည်ပတ်မှုများကို အရှိန်မြှင့်လုပ်ဆောင်ခြင်း။)

(၅) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်ခြင်း၊

(E-Commerce လမ်းကြောင်းမှတစ်ဆင့် ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုမြှင့်တင်ခြင်း၊ ထိုင်းနိုင်ငံအား ကုန်စည်ဖြန့်ဖြူးမှုအတွက် ဒေသဆိုင်ရာဗဟိုနေရာအဖြစ် ထူထောင်ခြင်း။)

သွင်းကုန်များအပေါ် စံချိန်စံညွှန်းများ ကျင့်သုံးမှုသည် စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းငယ်များအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် စီးပွား/ကူးသန်းဝန်ကြီးဌာနက ထိုင်းနိုင်ငံ၌ရောင်းချမည့် ကုန်စည်များအားလုံးသည် ပြည်တွင်း/ပြည်ပ စံချိန်စံညွှန်း များနှင့် ကိုက်ညီရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

စားသုံးသူအကာအကွယ်ပေးရေးနှင့် ထိုင်းလုပ်ငန်းရှင်များ ကမ္ဘာ့ဈေးကွက်တွင် မျှတစွာယှဉ်ပြိုင်နိုင်ရေးကို ရှေးရှု၍ ယခု အစည်းအဝေးဆုံးဖြတ်ချက်များ၏ ဖြစ်ပေါ်တိုးတက်မှုများကို အပတ်စဉ်အစီရင်ခံစာများနှင့် နှစ်ပတ်လျှင်တစ်ကြိမ် အစည်းအဝေး များဖြင့် ပြန်လည်သုံးသပ်မည်ဖြစ်သည်။

ထိုင်း စီးပွား/ကူးသန်းဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာကုန်သွယ်မှု သဘောတူညီချက်များ၏ စည်းမျဉ်းများကို လိုက်နာလျက် ပြည်တွင်းဈေးကွက်များကို ကာကွယ်ခြင်းသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၏ သွင်းကုန်ကဏ္ဍတွင် အရည်အသွေးနှင့်တရားဝင်မှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ရင်းမြစ်။ The Nation**

https://www.commerce.gov.mm/

## ထိုင်းနိုင်ငံအတွင်းရှိ ပြည်နယ်များစွာသို့ ရေလွှမ်းမိုးမှုဖြစ်ပေါ်လာနိုင်သဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ၏ ဈေးနှုန်းများ များစွာမြင့်တက်မှုမရှိစေရေး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စောင့်ကြည့်လျက်ရှိ

ထိုင်းနိုင်ငံအတွင်းရှိ ပြည်နယ်များစွာသို့ ရေလွှမ်းမိုးမှုဖြစ်ပေါ်လာနိုင်သဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ၏ ဈေးနှုန်းများ များစွာမြင့်တက်မှုမရှိစေရေး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်အများစုတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သဖြင့် ထောက်ပံ့မှုလျော့နည်းခဲ့သောကြောင့် ဟင်းသီးဟင်းရွက်ဈေးနှုန်းများသည် ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက မြင့်တက်လျက်ရှိကြောင်း၊ Hom mali ဆန်၏ ဈေးကွက်ပေါက်ဈေးသည် ၁ တန်လျှင် ဘတ် ၁၆,၀၅၀ ဖြစ်ပြီး ဆန်ဖြူသည် ၁ တန်လျှင် ဘတ် ၁၁,၃၀၀ နှင့် ကောက်ညှင်းဆန်သည် ၁ တန်လျှင် ဘတ် ၁၃,၉၀၀ ဖြစ်ကြောင်း၊ ပီလောပီနံ ၁ ကီလိုဂရမ်လျှင် ၂ ဒသမ ၉၅ ဘတ် ဈေးနှုန်းသတ်မှတ်ထားပြီး ပြောင်း (စိုထိုင်းမှုအဆင့် ၁၄ ဒသမ ၅ ရာခိုင်နှုန်း) ၁ ကီလိုဂရမ်လျှင် ၁၁ ဒသမ ၄၀ ဘတ်နှင့် ဆီအုန်း ၁ ကီလိုဂရမ်လျှင် ၆ ဒသမ ၅၀ ဘတ်ဖြစ်ကြောင်း၊ အသားဈေးနှုန်းသည်တည်ငြိမ်လျက်ရှိပြီး ဝက်သား ၁ ကီလိုဂရမ်လျှင် ၁၃၇ ဒသမ ၄၄ ဘတ်၊ ကြက်ဥပျမ်းမျှဈေးနှုန်း (ဆိုဒ် ၃) ၁ လုံးလျှင် ၄ ဒသမ ၂၃ ဘတ်ဖြင့် ယခင်အပတ်နှင့်ဈေးနှုန်းတူညီပါကြောင်း ပြည်တွင်းကုန်သွယ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Wattanasak Sur-iam က ပြောကြားခဲ့သည်။

ရေထွက်ပစ္စည်းများဖြစ်သော တီလားဗီးယား၊ ပလာသပ်သင်း (ပတ္တမြားတီလားဗီးယား)၊ ငါးခူနှင့်ပုစွန်ဖြူ (၁ ကီလိုဂရမ်လျှင် ၇၀ ကောင်) ၁ ကီလိုဂရမ်လျှင် ၁၈၇ ဘတ်ဖြင့် ဈေးနှုန်းတည်ငြိမ်နေပါကြောင်း၊ ယခုနှစ်သည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက တည်ငြိမ်ပြီး ဈေးနှုန်းအမြင့်ရရှိသဖြင့် ထိုင်းသစ်သီးများအတွက် ရွှေရောင်နှစ်ဖြစ်ပါကြောင်း၊ ဒူးရင်းသီးနှင့်မင်းဂွတ်သီးများကို တောင်ပိုင်းတွင် စိုက်ပျိုးလျက်ရှိပြီး ကနစိုသီးသည် လာမည့်လတွင် ဈေးကွက်အတွင်းဝင်ရောက်လာတော့မည်ဖြစ်ကြောင်း၊ ကနစိုသီးစိုက်ပျိုးထွက်ရှိမှုသည် ယခုနှစ်အတွင်း တန်ချိန် ၄၀,၀၀၀ သို့ ရောက်ရှိရန် ခန့်မှန်းထားပြီး တောင်သူများက ဒူးရင်းသီးအစား စိုက်ပျိုးကြခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ဗဟိုနှင့် နယ်ဒေသများရှိ လတ်ဆတ်ဟင်းသီးဟင်းရွက်များ၏ လက်လီ/လက်ကားဈေးနှုန်းများကို စောင့်ကြည့်လျက်ရှိကြောင်း၊ ဇူလိုင်လကတည်းက မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မြောက်ပိုင်းဒေသများရှိ သီးနှံများတွင် ရေလွှမ်းမှုဒဏ်ခံစားခဲ့ရသောကြောင့် ဟင်းသီးဟင်းရွက်များ၏ ဈေးနှုန်းများသည် သိသိသာသာမြင့်တက်လာခဲ့ပါကြောင်း၊ ထိုင်ဝမ်မုန်ညင်း၊ ဂေါ်ဖီထုပ်၊ နံနံပင်နှင့် ကြက်သွန်မြိတ်များ၏ ဈေးနှုန်းများသည် မြင့်တက်လာနိုင်ကြောင်း၊ အဓိက စိုက်ပျိုးရေးထုတ်ကုန်ဈေးကွက်များဖြစ်သည့် တာလတ်ထိုင်း၊ တာလတ်ဆီမန်မြောင်နှင့် တာလတ်ဆီရီမြောင်တို့ရှိ ဟင်းသီးဟင်းရွက်ရောင်းချနေမှုကို စောင့်ကြည့်ပြီးနောက် ရေလွှမ်းမှုဒဏ်ခံခဲ့ရသဖြင့် ဟင်းသီးဟင်းရွက်များ ဈေးကွက်သို့ဝင်ရောက်မှုပမာဏသည် လျော့နည်းနိုင်သည်ကို တွေ့ရှိခဲ့ရပါကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Goranij Nonejuie က ဖြည့်စွက်ပြောကြားခဲ့သည်။

အလယ်ပိုင်းဒေသတွင် ရေလွှမ်းမိုးမှုဒဏ်မခံစားရသဖြင့် ဟင်းသီးဟင်းရွက်ထောက်ပံ့နိုင်မှုသည် လုံလောက်ပါကြောင်း၊ ပြည်သူများ၏ နေထိုင်မှုစရိတ် လျော့ချစေရန် ဒေသတစ်ခုချင်းစီရှိဈေးများ၊ လက်လီ/လက်ကားဈေးများ၌ စိုက်ပျိုးရေးထုတ်ကုန်များကို ဈေးနှုန်းနည်းနည်းဖြင့် ရောင်းချရန် ချိတ်ဆက်ထားပါကြောင်း၊ ဗန်ကောက်ရှိ ရွှေ့လျားဆိုင် ၁၀၀ တွင်လည်းကောင်း၊ အိမ်ရာများတွင်လည်းကောင်း ဝယ်ယူနိုင်ပါကြောင်း၊ ဟင်းသီးဟင်းရွက်များ ပြတ်လပ်သွားမှု သို့မဟုတ် ဈေးနှုန်းမြင့်မားမှု မရှိစေရေးစောင့်ကြည့်ရန် ပြည်နယ်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးများသို့ လမ်းညွှန်မှာကြားထားပါကြောင်း Mr. Goranij ဆက်လက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ဆိုးလ်မြို့ကော်ဖီပြပွဲ (Coffee Expo Seoul 2025) ပြပွဲ ကျင်းပပြုလုပ်မည်

တောင်ကိုရီးယားနိုင်ငံရှိ ညီလာခံများနှင့်ပြပွဲများ ကျင်းပရေးစင်တာ (Convention & Exhibition Center – COEX) နှင့် ကိုရီးယား ကော်ဖီအသင်း (Korea Coffee Association – KCA) တို့ ပူးပေါင်း၍ တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂ ရက်မှ ၅ ရက်အထိ ဆိုးလ်မြို့ကော်ဖီပြပွဲ (Coffee Expo Seoul 2025) ပြပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ရာ

မြန်မာနိုင်ငံအား ပြပွဲ၏တရားဝင်ဖိတ်ကြားခံရသော ဧည့်နိုင်ငံ (Guest Country) အဖြစ် ပါဝင်စေလိုပါကြောင်း ဖိတ်ကြားလာသည်။

အဆိုပါပြပွဲသို့ မြန်မာနိုင်ငံကော်ဖီအသင်းမှ ဧည့်နိုင်ငံအဖြစ်ပါဝင်လိုပါက အဆိုပြုလွှာတစ်စောင်နှင့်တကွ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ကော်ဖီသောက်သုံးမှုမြင့်မားသော တောင်ကိုရီးယားကော်ဖီဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်လိုသည့် မြန်မာနိုင်ငံမှ စိတ်ဝင်စားသည့် ကော်ဖီလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇- ၄၀၈၆၂၂၊ Email: event.td.myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းစာရင်း ပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်။

**Source:** https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုသည် ၈ လအတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၈ ဘီလီယံရရှိ

၂၀၂၄ ခုနှစ် ၈ လအတွင်း သစ်သီးနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုမှ ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၈ ဘီလီယံ ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၉ ဒသမ ၁ ရာခိုင်နှုန်း သိသိသာသာတိုးလာကြောင်း ဗီယက်နမ်နိုင်ငံ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်လုပ်ငန်းရှင်များအသင်း၏ အဆိုအရ သိရသည်။

ဩဂုတ်လတစ်လတည်းတွင် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော်ရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၅၀ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံတင်ပို့မှုတွင် တရုတ်နိုင်ငံသည် ၈ လတာ ကာလအတွင်း အကြီးမားဆုံး ဈေးကွက်အဖြစ် ရပ်တည်လျက်ရှိကြောင်း၊ ပို့ကုန်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၃ ဘီလီယံရှိပြီး စုစုပေါင်းတင်ပို့မှု၏ ၆၄ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။

၎င်းနောက်တွင် အမေရိကန်နှင့်တောင်ကိုရီးယားတို့သို့ ပို့ကုန်ဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၂၂၃ ဒသမ ၅ သန်းနှင့် ၂၂၃ သန်း အသီးသီးရှိပြီး တစ်နှစ်ထက်တစ်နှစ် ၃၁ ရာခိုင်နှုန်းနှင့် ၅၁ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း ဖော်ပြထားသည်။

**Source: Vietnam Economic Times**

**(စီးပွားရေးသံမှူး၊ဗီယက်နမ်)**

https://myantrade.gov.mm/

## STOCK EXCHANGE (5.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 48 | 427,200 | 33,109,694 | 294,676 |
| MTSH | 00002 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,400 | 489 | 1,677,550 | 38,929,150 | 134,306 |
| MCB | 00003 | 9,200 | +0 | +0.00% | 9,200 | 9,200 | 9,200 | 25 | 230,000 | 10,400,986 | 95,689 |
| FPB | 00004 | 1,750 | -50 | -2.78% | 1,800 | 1,800 | 1,750 | 18,779 | 33,352,200 | 29,664,613 | 51,913 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 362 | 1,013,600 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 775 | 1,324,500 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 13 | 59,800 | 10,497,598 | 48,289 |
| MAEX | 00008 | 3,450 | +50 | +1.47% | 3,400 | 3,450 | 3,400 | 532 | 1,809,400 | 23,804,946 | 82,127 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 5th Sep. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 412.40 | -0.16 | -0.04% | 412.56 | 412.56 | 410.74 | 21,023 | 39,894,250 | 8 | 777,865 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:00 am, 6th Sep. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 26,151 (Shares) | 63,084,300 (MMK) |

| MYANPIX | 412.66 ▲ 0.26 |
|---|---|
| Total Volume (shares) | 26,151 |
| Total Value (MMK) | 63 mil |
| Listed Company | 8 |
| Market Cap. (MMK) | 778,349 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 9,200 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 0 |